
အမှောင်တာအိုသခင်
(လီကျင်းရှန်)
(Chapter 526 - 540)
စာစဉ် (၃၆)
ဘာသာပြန် စာရေးဆရာ – ရှိုယံ

# အပိုင်း ၅၂၆

လီကျင်းရှန်၏ စိတ်အခြေအနေက နှောင့်ယှက်ခံရခြင်း မရှိချေ။ ရှေ့တွင် ဆက်လက်ဖြစ်ပေါ်လာမည့် တိုက်ပွဲကြောင့် သူက ယခုအချိန်တွင် သူက မလိုအပ်သော အရာများကို ခေတ္တခဏ ဖယ်ဖျောက်ထားရင်း ကျင့်ကြံခြင်းကို အာရုံစိုက်ထားခြင်း ဖြစ်သည်။

သူက ငြိုးငြူ နေသော ယီလျိုဘိုအား ချန်ရစ်၍ ထွက်လာခဲ့သည်။ သို့သော် လီကျင်းရှန်က ကြိုတင်ပြင်ဆင်မှုများ အများအပြား လုပ်ခဲ့သည်။ သူက ညတစ္ဆေများကို ဆေးပင်များ မြန်မြန်ဆန်ဆန် ရိတ်သိမ်းရန် ခိုင်းစေလိုက်သည်။

စစ်ပွဲဖြစ်လာသည်က နှစ်နဲချီ၍ ကြာလာသောကြောင့် မြေအောက်ကမ္ဘာတွင် အချို့သော ဆေးပင်များက အပြောင်ရှင်း ခံထားရသည်။ ညတစ္ဆေများ၏ တည်နေရာ ကန့်သတ်ခံထားရမှုကလည်း ပို၍ ကျယ်ကျယ်ပြန့်ပြန့် လှုပ်ရှားလာနိုင်ကြသည်။

နတ်ဆိုးများက စိတ်ဝိညာဉ် ဆေးပင်များ၏ အသုံးဝင်ပုံကို မသိကြချေ။ သူတို့က ဤအတိုင်း တိုက်ရိုက်ဝါးစား၍ ရသော ဆေးပင်များကိုသာ ကာကွယ်ထားကြသည်။ သို့ကြောင့် အခြားသော စိတ်ဝိညာဉ် ဆေးပင်များက ကျန်ရှိနေဦးမည် ဖြစ်သည်။

လီကျင်းရှန်က ဆေးပင် ရိတ်သိမ်းခြင်းကို အရှိန်မြှင့်တင်ရန်အတွက် သူ့တွင် ကျန်ရှိနေသော စိတ်ဝိညာဉ် လက်နက်များ၊ အဆောင်စာရွက်များကို ရတနာတစ်ရာ သိုလှောင်အိတ်ထဲကို ထည့်ပြီး ယီလျိုဘိုအား ပေးထားခဲ့

သည်။

သင့်တော်သည့် စိတ်ဝိဉာဥ် ဆေးပင်များ၊ အရည်အသွေး ကောင်းမွန်သည့် စိတ်ဝိဉာဥ် ဆေးပင်များ ယူဆောင်လာသူတိုင်းကို ဆုချီးမြှင့်ရန်လည်း မှာကြားခဲ့သည်။ ပင့်ကူဘုရင်မကို စိတ်ကျေနပ်စေရန်က မလွယ်ကူပေ။ ပင့်ကူဘုရင်မက သူ့အား မဆန့်ကျင်ခင် သူက မြေအောက်ကမ္ဘာမှ ရနိုင်သမျှ အကျိုးကျေးဇူး များများယူထားရပေမည်။

ကမ္ဘာမြေကြီးက ကျယ်လွန်းလှသည်။ လူသားပင်ဖြစ်စေ၊ နတ်ဆိုးမျိုးနွယ်ပင် ဖြစ်စေ သူမသွားနိုင်သည့် နေရာဟူ၍ မရှိချေ။ မည်သည့် အတွက် သူက ပင့်ကူဘုရင်မအနား ကပ်တွယ်နေမည်နည်း။ လီကျင်းရှန်ကရစင်သန့်စင်ပေးထားသည့် အထဲမှ ဆေးလုံး အနည်းငယ်ကိုသာ ဝါးမြိုရသေးသည်။

သူ၏ ရတနာတစ်ရာ သိုလှောင်အိတ်ထဲတွင် ဆေးလုံး အများအပြား ကျန်ရှိနေခဲ့သည်။ သူက ထိုဆေးလုံးများကို ကျင့်ကြံခြင်းအဖြစ် အသွင်ပြောင်းရန် အခွင့်အရေး မရသေးခြင်းသာ ဖြစ်သည်။

ကျင်းရှောင် လှိုဏ်ဂူထဲတွင် လီကျင်းရှန်က ရတနာ သိုလှောင်အိတ်ထဲမှ ဆေးလုံးအားလုံးကို ထုတ်ယူလိုက်သည်။ ဆေးလုံးအားလုံးက လွန်စွာအရည်အသွေး မြင့်မားသည်။ ညတစ္ဆေများ ဆက်သထားသည့် စိတ်ဝိဉာဥ်ဆေးပင်များက အစွမ်းထက်၊ အရည်အသွေးကောင်း စိတ်ဝိဉာဥ် ဆေးပင်များ ဖြစ်သည်။

ထို့ကြောင့် ရဇီသန့်စင်ပေးထားသည့် ဆေးလုံးများက လွန်စွာအရည်အသွေးကောင်း၏။ သို့သော်လည်း ဆေးလုံး အနည်းငယ်က ယခု လီကျင်းရှန် အတွက်တော့ အသုံးမဝင်သည့်နှယ်ပင်။

သူက ကျင့်ကြံခြင်းအဆင့် မြင့်လာသည်နှင့်အမျှ ကမ္ဘာမြေကြီး၏ စိတ်ဝိ

ဉာဥ် ချီစွမ်းအင်များနှင့် ဆက်သွယ်ချက် ပို၍ မြန်သထက် မြန်လာသည်။ သူ၏ ခန္ဓာကိုယ်ကပင် စိတ်ဝိဉာဥ် သဘာဝ ဖြစ်ပေါ်နေပြီ မဟုတ်ပါလား။

သူ၏ သွေးတစ်စက်ထဲမှ စိတ်ဝိဉာဥ် ချီစွမ်းအင်များကပင် ဆေးလုံးတစ်လုံးထက် များစွာပို၍ သန့်စင်သော စိတ်ဝိဉာဥ် ချီစွမ်းအင်များ ပါဝင်နေခဲ့သည်။

သို့ကြောင့် ကျင့်ကြံခြင်း အဆင့်အတန်း မြင့်လာသည်နှင့်အမျှ လီကျင်းရှန်က သာမန်ဆေးလုံးများကို စားသုံးခြင်းမှ ချီစွမ်းအင်များ စုစည်းနိုင်တော့မည် မဟုတ်ချေ။

အချိန် အတိုင်းအတာ တစ်ခုသို့ ရောက်သည့်အခါ နှစ်ပေါင်းထောင်ချီ သက်တမ်းရှိသည့် စိတ်ဝိဉာဥ် ဆေးပင် သန့်စင်ခြင်းမှ ရလာသော ဆေးလုံးများကပင် သူ့အတွက် အသုံးမဝင် ဖြစ်လာပေလိမ့်မည်။

ထိုအချိန်သို့ ရောက်လျှင် သူ၏ မြေအောက်ကမ္ဘာ နယ်မြေကလည်း သူ့အတွက် အရေးပါတော့မည် မဟုတ်ပေ။

သို့အတွက် လီကျင်းရှန်က အကျိုးအမြတ် ရရှိနိုင်သလောက် ညှစ်ထုတ်ရန် ကြိုးစားနေခြင်း ဖြစ်သည်။ လီကျင်းရှန်က အန်ကလေးကို ပြုံးပြရင်း အသက်ပြင်းပြင်း ရှိုက်သွင်းလိုက်သည်။ ချက်ချင်းပင် သူ၏ ခန္ဓာကိုယ်ကြီးက ကြီးထွားလာခဲ့သည်။

မျက်စိတစ်မှိတ်အတွင်းပင် သူက မီတာသုံးဆယ်ကျော် ကြီးထွားလာခဲ့သည်။ အထပ်မြင့်တိုက်တစ်ခု၏ တစ်လွှာမှာ သုံးမီတာလောက် အကြမ်းဖျဥ်း ရှိသည်ကြောင့် လီကျင်းရှန်က ယခု ဆယ်ထပ်တိုက်ထက်ပင် မြင့်မားနေခဲ့ပြီ ဖြစ်သည်။

လီကျင်းရှန်က ဂေါ်ဇီလာကောင်ကြီး တစ်ကောင်ထက် အနည်းငယ် သေး

ငယ်သော်လည်း မွန်းစတားငယ် တစ်ကောင်ထက်တော့ ပို၍ ကြီးထွားနေခဲ့ပြီ ဖြစ်သည်။

သူ၏ နက်မှောင်နေသော ခန္ဓာကိုယ်က နတ်ဆိုး နတ်ဘုရားနှင့် တူညီပြီး သူ၏ အနီရောင် ဆံပင်ရှည်များက ရေတံခွန်ကဲ့သို့ တဖွားဖွား စီးကျနေခဲ့သည်။ သူ၏ မျက်လုံးများကတော့ မီးများ တောက်လောင်နေသည့်နှယ် တောက်ပစွာ လင်းလက်နေခဲ့သည်။

သူက ရှေးဦး သားရဲကြီးများ၏ နတ်ဆိုးသဘာဝများ၊ အရိုင်းဆန်မှု အော်ရာများ ထုတ်လွှင့်နေခဲ့သည်။ လီကျင်းရှန်က ကျင်းရှောင်လှိုဏ်ဂူကို တူးခဲ့စဉ် အခါက တစ်ခြား မည်သည့် အဆင်တန်ဆာမျှ မလုပ်ခဲ့ချေ။ သူက နေရာ အကျယ်အဝန်း အကြီးကြီးကိုသာ ဦးတည်ထားခဲ့သည်။

လက်ရှိ အခြေအနေနှင့်ဆိုလျှင် ထိုသို့ ရွေးချယ်မှုက ပြည့်စုံနေခဲ့သည်။ လီကျင်းရှန်တို့ ရွေးချယ်ထားသည့် တောင်မှာ မီတာရာပေါင်းများစွာ မြင့်မားပြီး လီကျင်းရှန်နှင့် အန်ကလေးက တောင်အတွင်းပိုင်း တစ်ခုလုံးကို ဟောင်းလောင်းပေါက် ထွင်းထားခဲ့ခြင်း ဖြစ်သည်။

ကြမ်းပြင်မှ မျက်နှာကြက်အထိ အကြမ်းဖျဥ်း မီတာခြောက်ရာမျှ ကျယ်ဝန်းသည်။ လီကျင်းရှန်က နံရံများကို အလှမဆင်ခဲ့သော်လည်း သူ၏ သဘာဝအစွမ်းကြောင့် နံရံများက သံမဏိများကဲ့သို့ မာကြောနေခဲ့ပြီး ဖြစ်သည်။

ပြောရမည်ဆိုလျှင် ဤတောင်ကြီးက သူ့အလိုလိုထွင်း၍ ပြောင်းလဲနေသည်မှာ အတော်လေး ကြာမြင့်ပေပြီ။ သို့ကြောင့် လီကျင်းရှန်က မတ်မတ်ရပ်နေခဲ့သော်လည်း စိတ်မသက်မသာ မခံစားရချေ။ သူက သူ၏ ခန္ဓာကိုယ်ကို ပြန်၍ အကဲခတ်ကြည့်လိုက်သည်။

ထို့နောက် သူက အစွယ်တဖွေးဖွေးဖြင့် ရယ်မောလိုက်မိသည်။ သူ၏

ကျားအမြီးကလည်း နောက်တွင် တရမ်းရမ်း ဖြစ်နေပြီး ပုံရိပ်ယောင်များ ထင်ဟပ်နေခဲ့သည်။ လီကျင်းရှန်က သူ၏ ထိုအစစ်အမှန် ခန္ဓာကိုယ် ပုံစံအား လူသားတစ်ဝက် ပုံစံထက်ပင် ပို၍ သဘောကျသေးသည်။

သူ၏ လူသားတစ်ဝက် ပုံစံက လွန်စွာ ချောမော ခန့်ညားသော်လည်း ဤအစစ်အမှန် ပုံစံနှင့် နှိုင်းယှဉ်လိုက်လျှင် အရှိန်အဝါ ကြီးမြတ်မှု မနှိုင်းယှဉ်သာပေ။ ကျွဲအိုကြီးက သူ့အား ရွေးချယ်ခဲ့သည်မှာ အမြင်ကောင်း ရှိသည်ဟု ပြော၍ရသည်။

အကယ်၍ လီကျင်းရှန်ကသာ ထူးဆန်းသော ကမ္ဘာပြောင်းရွှေ့လာသူ မဟုတ်လျှင် ဤအစစ်အမှန် နတ်ဆိုးပုံစံကပင် သာမန်လူများ လက်ခံနိုင်ရန် ခက်ခဲ၏။ သဘောကျရန်ကား မဖြစ်နိုင်ပေ။ လီကျင်းရှန်က သူ၏လက်ကို ဆန့်တန်း၍ ဆွဲယူသည့်သဏ္ဍာန် ပြုလုပ်လိုက်သည်။

မြေပေါ်မှ ဆေးလုံးများ အားလုံးက သူ၏လက်ထဲသို့ ရောက်လာခဲ့သည်။ လီကျင်းရှန်က ထိုဆေးလုံးများ အားလုံးကို ပေါင်းစု၍ အလုံးကြီးသဖွယ် ညှစ်ချေလိုက်ပြီး ပါးစပ်ထဲသို့ ပစ်ထည့်ကာ ဝါးပင်မဝါးတော့ဘဲ မြိုချလိုက်သည်။

အခြားသော ကျင့်ကြံသူများသာ ဤအခြေအနေကို မြင်တွေ့လိုက်ရပါက အံ့သြလွန်းသောကြောင့် မေးရိုးပင် ပြုတ်ကျသွား ပေလိမ့်မည်။ ဤသည်မှာ လူ့လောကကြီးတွင် နေရသည်ကို ပျင်းရိလာ၍ ကိုယ့်ကိုယ်ကိုယ် သတ်သေသည်နှင့် တူညီနေသည် မဟုတ်ပါလား။

ထိုဆေးလုံးများ အားလုံးက အာနိသင် မတူချေ။ ဆေးပင်အချင်းချင်း ပဋိပက္ခ ဖြစ်မှုကပင် သူ၏ ခန္ဓာကိုယ်ကို ဖောက်ခွဲပစ်နိုင်စွမ်း ရှိသည်။ ဆေးလုံးများကို ဝါးမျိုလိုက်ပြီးနောက် လီကျင်းရှန်၏ ဝမ်းဗိုက်ကြီးက ချက်ချင်းပင် ကြီးထွားလာခဲ့ပြီး ပူဖောင်းတစ်လုံးကဲ့သို့ ဖောင်းတင်းလာခဲ့

သည်။

သူက ဆယ်လကိုယ်ဝန် ဆောင်ထားသည့် ကိုယ်ဝန်သည်ကြီး တစ်ဦးနှင့်ပင် တူညီနေခဲ့သည်။ နားကွဲလုမတတ် သတ္တုခြင်း ထိခတ်သံများက လှိုဏ်ဂူတစ်ခုလုံး ပြည့်နှက်နေခဲ့သည်။ လီကျင်းရှန်၏ မျက်နှာထက်တွင် သတိအပြည့် ဖြစ်သွားခဲ့ပြီး အော်ဟစ်လိုက်သည်။

....ကမ္ဘာလိပ် လျှို့ဝှက်ချက် ကျင့်စဥ် .... ကမ္ဘာလိပ် သမုဒ္ဒရာ ဖိနှိပ်...

ကမ္ဘာလိပ် နတ်ဆိုးဝင်ရိုးက တောက်ပစွာ လှည့်ပတ်လာခဲ့ပြီး ဆေးလုံးများမှ ထွက်ပေါ်နေသော ပရမ်းပတာ အကျိုးသက်ရောက်မှု အားလုံးကို အကြမ်းပတမ်း ဖိနှိပ်ထားလိုက်သည်။

သို့သော် သူက ထိုဆေးလုံးအစွမ်းများကို ဖိနှိပ်ရန် ရှန်းကန်နေရဟန်တူသည်။ သူ၏ အနီရောင် ဆံနွယ်များ အားလုံးက လေထဲသို့ လွင့်ပျံနေခဲ့သည်။ ရှစ်ဌာန ရွှေသော့ ဝက်ပါကြောင့်သာ မဟုတ်လျှင် သူ၏ နတ်ဆိုးချီများကို အဝေးတစ်နေရာဆီမှပင် အာရုံခံမိနိုင်၏။

လီကျင်းရှန်၏ နတ်ဆိုးဝင်ရိုးက စွမ်းအင်များကို ဖိနှိပ်ထားနိုင်သော်လည်း စုပ်ယူခြင်း မရှိပေ။ ဆေးအာနိသင်များ အားလုံးက လီကျင်းရှန်၏ လက်များ၊ အရိုးများ၊ ခြေထောက်များ၊ ကိုယ်တွင်းအင်္ဂါများသို့ တစ်မျှင်ခြင်း ဝင်ရောက်သွားခဲ့သည်။

သူက မရေမတွက်နိုင်သော ပိုးမွှားကလေးများ ကိုက်ခံရသည့်နှယ် တရှူရှူနာကျင်နေခဲ့သည်။ မျက်စိတစ်မှိတ် အတွင်းမှာပင် သူ၏ ခန္ဓာကိုယ် ဆဲလ်တစ်ခုခြင်းစီတိုင်းက အကြိမ်ပေါင်း မည်မျှ ပျက်စီး ပြုပြင်ပြီးခဲ့မှန်း မသိနိုင်ချေ။

ကျင်းရှန်၏ စိတ်ထဲတွင်တော့ တစ်ခုတည်းကိုသာ အာရုံစိုက်ထားခဲ့သည်။

သူက ကျွဲနတ်ဆိုးကျင့်စဉ်၏ စတုတ္ထအဆင့်သို့ ချိုးဖျက် ဝင်ရောက်ရန်ပင် ဖြစ်သည်။ နောက်ဆုံးတွင်တော့ လီကျင်းရှန်၏ ဝမ်းဗိုက်ကြီးက ဖောင်းကားနေရာမှ ရပ်တန့်သွားခဲ့သည်။

လီကျင်းရှန်က သူ၏ ဗိုက်ဖောင်းဖောင်းကြီးကို ထိန်း၍ ထိုင်ချလိုက်ပြီး ညင်သာစွာ လက်ဖြင့် ပွတ်လိုက်သည်။

"ငါက တစ်ယောက်ယောက်နဲ့ ကလေးယူမယ်လို့ ပြောခဲ့တာ ကြည့်ရတာ အခုငါကိုယ်တိုင် ကလေးရတော့မယ် ထင်တယ်.. အန်ကလေး ငါ့ကိုကြည့် စမ်း အန်ကုန်းကိုယ်တော်ကြီးနဲ့ မတူဘူးလား.."

အန်ကလေးက လီကျင်းရှန်၏ ဗိုက်ကြီးနံဘေးသို့ ခုန်တက်လာပြီး သေချာစွာ ကြည့်ရှုပြီး ပါးစပ်ကို လက်ဖြင့်ကာကာ တခစ်ခစ် ရယ်နေခဲ့ သည်။

"မတူပါဘူး.."

"အဲ့ဒါဆို ငါက ဘာနဲ့တူလဲ.."

"လီကျင်းရှန်နဲ့တူတယ်.."

"မှန်တယ် မှန်တယ် ငါက လီကျင်းရှန်ပဲ..ဘာလို့ တစ်ခြားတစ်ယောက်နဲ့ တူရမှာလဲ.." လီကျင်းရှန်က တဟားဟား ရယ်မောလိုက်သည်။

ဤကမ္ဘာကြီးတွင် သူ၏ရုပ်ရည်၊ သူ၏မျိုးဆက်သွေး၊ ကျင့်ကြံခြင်း နှင့် အခြားသော ပြင်ပခန္ဓာကိုယ်များ ပြောင်းလဲသွားလျှင်ပင် အန်ကလေး၏ မျက်လုံးထဲတွင်တော့ သူက လီကျင်းရှန် ဖြစ်နေဆဲပင်။

လီကျင်းရှန်အတွက်လည်း တစ္ဆေကလေးပင်ဖြစ်စေ၊ အရိုးဖြူ အရိုးစု ကလေးပင် ဖြစ်စေ ကောင်းကင်ဘုံ၏ ကောင်းချီးအလှတရားနှင့် မိန်းမပျို လေးပင် ဖြစ်စေ လီကျင်းရှန်၏ နှလုံးသားထဲတွင် အန်ကလေးက

ပြောင်းလဲသွားခြင်း မရှိပေ။

အန်ကလေးက အခြားတစ်ဖက်တွင်ထိုင်၍ သွေးအရိပ်၏ နတ်ဆိုးဝင်ရိုးကို ထုတ်ယူလိုက်သည်။ နတ်ဆိုးဝင်ရိုးမှ ထွက်ပေါ်နေသော ပြင်းထန်သည့် အငွေ့အသက်၊ သွေးသားစွမ်းအင် ရနံ့များက သူမအား လွန်စွာ စိတ်ကျေနပ်စေခဲ့သည်။

သွေးပင်လယ်တံခွန်ကို သန့်စင်ရန်အတွက် ဤအရာက ပြီးပြည့်စုံသော ပစ္စည်းပင် မဟုတ်ပါလား။ ခေတ္တမျှ စဥ်းစားပြီးနောက် သွေးအရိပ်၏ နတ်ဆိုးဝင်ရိုးကို ပြန်လည် သိမ်းဆည်းကာ အရိုးပုတီးကို ထုတ်ယူလိုက်သည်။

ဆယ့်ရှစ်လုံး ပုတီးပြီးနောက် နောက်တစ်ဆင့်မှာ နှစ်ဆယ့်တစ်လုံး ပုတီးဖြစ်သည်။ အန်ကလေးက နောက်ထပ် အရိုးပုတီးသုံးလုံး သန့်စင်ရမည်ဖြစ်သည်။

အချိန်များက လျင်မြန်စွာ ကုန်ဆုံးသွားပြီး မျက်စိတစ်မှိတ် အတွင်းမှာပင် တစ်လနီးပါး ကြာမြင့်သွားလေပြီ။ လီကျင်းရှန်၏ ဝမ်းဗိုက်ကြီးက ပုံမှန်အတိုင်း ပြန်ဖြစ်နေသည်။ သူ၏ သံမဏိခွာများက နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်နေပြီး ထက်ရှသော လက်သည်းများကလည်း မြေထဲတွင် စိုက်ဝင်နေ၏။

သူ၏ ကျောရိုးမာကြီးက တောင်ကြီးတစ်လုံးနှယ် မြင့်တက် ကွေးညွတ်သွားပြီး နဖူးထက်တွင် ချိုနှစ်ချောင်းအဖြစ် ပြန်လည် ထွက်ပေါ်နေ၏။ မတ်တပ်ထရပ်လိုက်သည့် လီကျင်းရှန်က ကောင်းကင်နှင့် မြေပြင်အကြားမှ အနိုင်ယူနိုင်သူ မရှိသည့်နှယ် ရဲရဲ တောက် တိုက်ပွဲဝင် မာန်ဟုန်များ ဖြင့် ပြည့်နှက်နေသည်။

သူ၏ အရှိန်အဝါက သိစိတ်ပင်လယ်ထဲမှ ကျွဲနတ်ဆိုးရုပ်ထုကို မမှီ

သော်လည်း သူ၏ ခန္ဓာကိုယ် ပုံသဏ္ဍာန်ကတော့ တူညီနေခဲ့၏။ လီကျင်းရှန်က မည်သည့် လှုပ်ရှားမှုမှ မလုပ်ပဲ လှုပ်ရှားနေသည့် အမြီးကိုပင် ရပ်တန့်ထားခဲ့သည်။

သူက ကျွဲနတ်ဆိုး ခွာပေါက်ချက်၊ ကျွဲနတ်ဆိုး အရေခွံနှင့် ကျွဲနတ်ဆိုး ဦးချိုတို့ကိုပင် အသုံးမပြုခဲ့ချေ။ သူက လုံးဝလှုပ်ရှားခြင်း မရှိဘဲ ရုပ်ထုတစ်ခုကဲ့သို့ ရပ်တန့်နေ၏။ သို့သော် လီကျင်းရှန်၏ ခန္ဓာကိုယ်ထဲတွင် စွမ်းအားများက ပြည့်လျှမ်းနေခဲ့သည်။

လေးကောင်းတစ်လက်ကို လေးကြိုးအဆုံးထိ ဆွဲဆန့်ထားသည့်နှယ်ပင် သူ၏ ခန္ဓာကိုယ် တစ်ခုလုံးရှိ ကြွက်သား အမြှောင်းမြှောင်းက အကန့်အသတ်ထိ ဆွဲဆန့်ခံထားရပြီး ကျောက်တုံးများ၊ သံမဏိများထက်ပင် ပို၍ မာကြောနေခဲ့သည်။

သူ၏ အေးစက်မာကြောသော အရေပြားအောက်တွင် သွေးများက လှိုက်ဆူနေပြီး စိတ်ဝိညာဉ်က လောင်ကျွမ်းနေသည်။ ခေတ္တခဏမျှပင် ရပ်တန့်မည်ဟန် မပေါ်ပေ။ လီကျင်းရှန်၏ သွေးနီရောင် မျက်လုံးများက ရဲရဲ တောက်၍ နီဆွေးနေ၏။

သူ၏ အပေါ်ပိုင်း ခန္ဓာကိုယ် တစ်ခုလုံးက လူသားပုံသဏ္ဍာန် ဖြစ်သော်လည်း သူက ဤကမ္ဘာကြီးပေါ်တွင် လူသားဆိုသည့် စကားလုံးနှင့် ယှဉ်တွဲ၍ သတ်မှတ်မရနိုင်ပေ။

လီကျင်းရှန် တစ်လုပ်တည်းဖြင့် ဝါးမြိုခဲ့သည့် ဆေးလုံးများ အားလုံးက ကုန်ဆုံးသွားခဲ့ပြီ ဖြစ်သည်။ သို့သော်လည်း ဤတစ်ကြိမ်တွင်တော့ ကျင့်ရအလွယ်ကူဆုံး ဖြစ်သည်။ ကျွဲနတ်ဆိုးကျင့်စဉ်က လွန်မင်းစွာ ခက်ခဲနေခဲ့သည်။

**....မလုံလောက်သေးဘူးလား တစ်ခုခု လိုနေသလိုပဲ..ဆေးလုံးတွေ**

လား.. မဟုတ်သေးဘူး ဘာလိုနေတာလဲ..

လီကျောင်းရှန်က ချွေးတစ်စက်စက်ကျရင်း သူ၏ နှာခေါင်းထဲမှ အဖြူရောင် တိမ်စီးကြောင်း နှစ်ခုပင် ပြန်ထွက်နေခဲ့သည်။ ဆေးစွမ်းအရှိန်၏ အပူများ ပြန်ထွက်နေသည့်ဟန်ပင်။

.... ကျွဲနတ်ဆိုး အဆုံးမဲ့ခွန်အား၊ ကျွဲနတ်ဆိုး နှံ့နစ်ခြင်း ....

လီကျောင်းရှန်၏ နှလုံးသားထဲတွင် ကျွဲနတ်ဆိုး ရုပ်ထု၏ ဆုဒြာက ပြန်လည် ပေါ်ထွက်လာခဲ့သည်။

သူက ထိုရုပ်ထုထံမှ သူရဲကောင်း တစ်ဦး၏ လမ်းဆုံးသို့ ရောက်နေချိန်၌ ဖြစ်ပေါ်သည့် ဝမ်းနည်း အားငယ်မှုကို ခံစားရသည်။ ခွန်အားများ ရှိနေ သော်လည်း အသုံးမပြုနိုင်သည့် ဝမ်းနည်းအားငယ်သော ပုံစံမျိုးပင်။ သို့သော်လည်း ထိုအထဲတွင် ဝှက်ထားသည့် အရာတစ်ခု ကျန်နေ သေး သည်။

နတ်ဆိုးရုပ်ထုဆုဒြာက သူ၏ သိစိတ်ပင်လယ်ထဲတွင် နောက်တစ်ကြိမ် ပြန်လည် ပေါ်ထွက်လာခဲ့သည်။ လီကျောင်းရှန်က ထိုပုံရိပ်ကို ကြာမြင့်စွာ ကြည့်နေရင်းဖြင့် ရုတ်တရက် သံသယဝင်လာခဲ့သည်။

"ဘာဖြစ်လို့လဲ.. သူ့ကိုယ်သူ နှံ့နစ်နေမှန်း သိတယ် ဘာဖြစ်လို့ မရုန်းတာ လဲ ရုန်းလေနစ်လေ ဖြစ်မှာမို့လို့လား..ဒါမှမဟုတ် ရုန်းလည်း အကျိုးမရှိ တော့လို့ ရုန်းကန်ရတာကို ရပ်နားလိုက်တာလား..ဘာလို့ ခဏလောက် အနားမယူတာလဲ.. ဘာလို့ ကိုယ့်ကိုယ်ကိုယ် ညှင်းပန်းနှိပ်စက်နေတာလဲ.."

အတိတ်တွင် ဟာဂီမွန်း ချူးဘုရင်က ဒေါင်ရှားစစ်ပွဲကို ရှုံးနိမ့်ခဲ့သည်။ ချူး ဘုရင်အကြောင်း စပ်ဆိုထားသည့် ဝမ်းနည်းဖွယ် သီချင်းများအကြောင်း နားထောင်ရင်းဖြင့် သူက ရေရွတ်ခဲ့သည်။

"ငါ့ရဲ့အစွမ်းက တောင်တွေကို ရွှေ့ပစ်နိုင်တယ်..ငါ့ရဲ့ သတ္တိက ကမ္ဘာတစ်ခုလုံးကို အရိပ်မိုးထားနိုင်တယ်..ဒါပေမဲ့ အချိန်က ငါ့ကိုဆန့်ကျင်ပြီ... ငါကရော ဘာလုပ်နိုင်ဦးမှာလဲ.. ဩော် အာယု.. ငါ့ရဲ့ယုကလေး မင်းရဲ့ ကံကြမ္မာကရော ဘယ်လိုဖြစ်လာမှာလဲ.."

ထို့နောက်တွင်တော့ ဟာဂီမွန်းချူးဘုရင်က ဟန်စစ်တပ်၏ ဝန်းရံထားမှုမှ ထွက်ပြေးလွတ်မြောက်ရင်း ဝူမြစ်ကမ်းသို့ ရောက်ရှိခဲ့သည်။ သူက ကိုယ့်ကိုယ်ကိုယ် သက်ပြင်းချရင်း ပြောလိုက်သည်။

"ငါက အကြီးအကဲ ကျင်းဒုံဆီပြန်ဖို့ မျက်နှာမပြရဲတော့ဘူး.."

ထို့နောက်တွင်တော့ သူက သူ့ကိုသူ လည်ပင်းဖြတ်၍ သတ်သေခဲ့လေသည်။ သမိုင်းထဲမှ သူရဲကောင်းတစ်ဦး၏ အဆုံးသတ်ကို ပြသော ဥပမာတစ်ခု ဖြစ်လာခဲ့လေသည်။ မည်သည့် သူရဲကောင်း ဖြစ်စေကာမူ သူတို့၏ သူရဲကောင်း ပုံရိပ်များက အတိတ်သမိုင်းအဖြစ် ကျန်နေခဲ့ရသည်။

အချိန်၏ တိုက်စားမှုကို ခံနိုင်ရည် မရှိပေ။

လီကျင်းရှန်က ထိုပုဂ္ဂိုလ်အား ပုံပြင်စာအုပ်များ၊ ကျောင်းစာအုပ်များ သူ၏ အတိတ်ဘဝ စာအုပ်များထဲတွင် သင်ကြားခဲ့ရသည်။ သို့သော်လည်း အလားတူ ဥပမာတစ်ခု ရှိနေခဲ့သေးသည်။

နှစ်ပေါင်းထောင်ချီ ကြာမြင့်ပြီးနောက် ရန်သူအများအပြား ဝန်းရံခံထားရသည့် အချိန်တွင် ဗိုလ်ချုပ်ကြီး တစ်ဦးက စာခုနှစ်လုံး ကဗျာကို ရေးသားခဲ့သည်။ ထိုကဗျာကိုလည်း ကျောင်းစာအုပ်များထဲတွင် ပုံနှိပ်၍ သင်ကြားခဲ့သည်။

ထိုကဗျာက လီကျင်းရှန်၏ ဦးနှောက်ထဲတွင် ထင်ရှားပြတ်သားစွာ ကျန်ရစ်နေခဲ့သည်။

ငါ့ရဲ့ ဦးခေါင်းကို ဒီနေ့ ဆုံးရှုံးသွားရင်တောင် ဘာဖြစ်မှာလဲ စဦး တည်ထောင်ခြင်းဆိုတာ လွယ်တာမဟုတ်ဘူး..

တိုက်ပွဲတွေ စစ်ပွဲတွေ အများကြီးကို ဖြတ်သန်းခဲ့ရတာ..

ငါ့ရန်သူတွေ လက်အောက်မှာ ငါကျဆုံးသွားလို့ ငရဲကို ရောက်ခဲ့ ရင်တောင်

ငရဲဘုရင်ကို ဆက်ပြီး သတ်ဖြတ်မယ်..

(ဤကဗျာ မှာ ၁၉၃၆ ခုနှစ်တွင် တရုတ်ကွန်မြူနစ် ချန်းယီက ရန်သူများ ဝန်းရံခံထားရသည့် ကြားထဲမှ မသေခင် ရေးစပ်ခဲ့သော ကဗျာတစ်ပုဒ် ဖြစ်သည်။ )

သူ့ရဲကောင်းခြင်း တူသော်လည်း ဟာဂီမွန်း ချူးဘုရင်ကတော့ ကိုယ့် ကိုယ်ကိုယ် အပြစ်တင်ရင်း အရာအားလုံးကို လက်မြှောက် အရှုံးပေးသည့် အချိန်တွင် ချန်းယီကတော့ ရန်သူများ ဝန်းရံခံထားရသည့် ကြားထဲမှပင် လက်လျှော့ အရှုံးပေးခဲ့ခြင်း မရှိချေ။

လီကျင်းရှန်၏ ဦးနှောက်၊ ဦးခေါင်းထဲ အတွေးထဲတွင် အတွေးတစ်ချက် ဖျတ်ကနဲ လင်းသွားသည်။ ထိုအတွေးများက ခေတ္တခဏမျှသာ ကြာမြင့်ပေ သည်။

"ငါ နားလည်ပြီ.." လီကျင်းရှန်၏ မျက်လုံးထဲမှ အနီရောင် အလင်းတန်း က မီးတောက်များကဲ့သို့ တောက်ပလာခဲ့သည်။

ထို့နောက်တွင်တော့ သူက ကျွဲနတ်ဆိုးရုပ်ထုကို ကြည့်လိုက်သည့်အခါ ကွဲပြားနေသည်ကို တွေ့လိုက်ရသည်။ ကျွဲနတ်ဆိုးက ခံနိုင်ရည်နှင့်ဇွဲကို လေ့ကျင့်ပေးသည်။ သူက လွတ်လမ်းမရှိ။ ကံကြမ္မာက သူ့အား ညှင်းပန်း နှိပ်စက်သည့် အချိန်၌ပင် ထိုဇွဲသတ္တိက ပြောင်းလဲသွားခြင်း မရှိပေ။

သူက မည်သည့်အခါမှ အရှုံးပေးခြင်း မရှိပေ။ အဆုံးသတ်တိုင် တိုက်ခိုက်သွားမည် ဖြစ်သည်။

ငါ၏ ဦးခေါင်းသည် သွေးတို့ဖြင့် ရဲရဲနီနေ၏။ သို့သော် ညွှတ်ကား မညွှတ်...

အဖျက်ဆီး ခံရနိုင်သည်။ သို့သော် အရှုံးတော့ ပေးမည် မဟုတ်ချေ။

လီကျင်းရှန်၏ မျက်လုံးထဲမှ အလင်းရောင်က တဖြည်းဖြည်း ပြန်လည် တည်ငြိမ်သွားခဲ့သည်။

သူ့နှာခေါင်းထဲမှ ထွက်နေသော လေငွေ့များကလည်း မရှိတော့ချေ။ လီကျင်းရှန်က ရုပ်ထုတစ်ခုနှယ် ရုပ်တည်နေခဲ့သည်။ သူ၏ ပုံသဏ္ဍာန်က ရာစုနှစ် ထောင်စုနှစ်ပေါင်းများစွာ ထိုအတိုင်း ကျန်ရှိတော့မည်ဟန်ပင်။

ရုတ်ခြည်းပင် သူ၏ စိတ်ထဲရှိ ကွဲနတ်ဆိုး ပုံရိပ်နှင့် တူညီသော ခွန်အားနှင့် ဂုဏ်အရှိန်အဝါ သတ္တိများက လီကျင်းရှန်၏ ခန္ဓာကိုယ်ထဲမှ ပေါက်ကွဲထွက်ပေါ်လာခဲ့သည်။ သူက ကွဲနတ်ဆိုး ကျင့်စဥ်၏ စတုတ္ထအလွှာသို့ ရောက်ရှိခဲ့လေပြီ။

လီကျင်းရှန်၏ ခန္ဓာကိုယ်က တဖြည်းဖြည်းချင်း ပုံမှန်အတိုင်း ပြန်လည်ရောက်ရှိသွားခဲ့သည်။ အတိတ်တုန်းကနှင့် မတူဘဲ သူက ပျော့ရွှင် ဝမ်းမြောက်ခြင်း မရှိသလို ရရှိလာသော ခွန်အားအသစ်ကိုလည်း စမ်းသပ်လိုစိတ် မရှိပေ။

ကျင့်ကြံခြင်း ကာလတစ်လျှောက်တွင် ကွဲအိုကြီး၏ စိတ်ဝိညာဥ်က သူ၏ ခန္ဓာကိုယ်သို့ ကွဲနတ်ဆိုး ကျင့်စဥ်ကိုဖြတ်၍ ပေါင်းစပ်လာသည့်ဟန် ရှိသည်။ သူက ကွဲအိုကြီးထံမှ အမွေအနှစ် ဆက်ခံရရှိခဲ့၏။

နတ်ဆိုး နတ်ဘုရား ကိုးပါး အသွင်ပြောင်းလဲခြင်း ကျင့်စဥ်တွင်

အစွန်းထက် ပြောင်းလဲခြင်း ကျင့်စဥ်များ မည်မျှရှိစေကာမူ ကွဲနတ်ဆိုး ကျင့်စဥ်ကသာ အကောင်းဆုံး ကျင့်စဥ်တစ်ခု ဖြစ်ပေလိမ့်မည်။

***